**MYANMAR GARMENT MANUFACTURERS ASSOCIATION**
**မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်းရှင်များ အသင်း**
9th Floor, UMFCCI, No. 29, Min Ye Kyaw Swar Road, Lanmadaw Township, Yangon.
Tel: +95 1 2314829, 2300253, Email: mgma@myanmargarments.org, Website: www.myanmargarments.org

မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ အသင်း
၏
မြန်မာနိုင်ငံ ကုန်ထုတ်နှင့် စက်မှုလက်မှုအလုပ်သမားများ အဖွဲ့ချုပ် (IWFM) မှ ဦးဆောင်စည်းရုံးဆောင်ရွက်ရန်ရှိသော ဆန္ဒထုတ်ဖော်ပွဲနှင့် စပ်လျဉ်းသည့် သဘောထားကြေငြာချက်

ရက်စွဲ။ ။ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်။

၁။ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းသည် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုအများဆုံးနှင့် အလုပ်အကိုင် အခွင့်အလမ်းအများဆုံး ဖန်တီးပေးထားသော လုပ်ငန်းကဏ္ဍဖြစ်သည့် တပြိုင်နက်တည်းမှာပင် ထုတ်လုပ်မှုစွမ်းအား (ကျွမ်းကျင်မှု) နှင့် ထုတ်ကုန်အရည်အသွေး လိုအပ်ချက်အများဆုံး ကဏ္ဍတစ်ခုလည်း ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း အနေဖြင့် အလုပ်သမားအဖွဲ့အစည်းများနှင့် အလုပ်သမားများ၊ အလုပ်ရှင်အဖွဲ့အစည်းများနှင့် အလုပ်ရှင်တို့၏ ဆန္ဒထုတ်ဖော်ပိုင်ခွင့်နှင့် တောင်းဆိုပိုင်ခွင့်တို့ကို လေးစားမှုအပြည့်ရှိပါသည်။ အထည်ချုပ်လုပ်ငန်းကဏ္ဍအတွင်း အသင်းဝင်စက်ရုံပေါင်း ၅၀၀ ကျော်ရှိ အလုပ်ရှင်များနှင့် အလုပ်သမားများ၏ ဥပဒေပါ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးရန်အတွက်အလေးထားဆောင်ရွက်လျက်ရှိပါသည်။

၃။ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ၊ ၂၃၊ ၂၄၊ ၂၆ ရက်များတွင် IWFM မှ မိမိတို့အသင်းဝင်စက်ရုံအချို့ထံသို့ ပေးပို့ထားသော စာများအရ ကျောက်တန်းမြို့နယ်အတွင်းရှိ သိုးမွှေးစက်ရုံမှ အလုပ်သမား ၂ ဦး အလုပ်မှရပ်စဲခံရသည့် အငြင်းပွားမှုကို အခြေခံ၍ အလုပ်သမား ၂၅၀၀ ခန့်ပါဝင်မည့် ဆန္ဒထုတ်ဖော်ပွဲတစ်ခု ပြုလုပ်ရန် စီစဉ်ဆောင်ရွက်လျက် ရှိကြောင်း သိရှိရပါသည်။ ၎င်းအငြင်းပွားမှုကို သက်ဆိုင်ရာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က "အခွင့်အရေးဆိုင်ရာ အငြင်းပွားမှု" အဖြစ် သတ်မှတ်ပြီး သက်ဆိုင်ရာ ဦးစီးဌာန သို့မဟုတ် စီရင်ပိုင်ခွင့်ရှိသော တရားရုံးသို့ တက်ရောက်နိုင်ကြောင်း သက်ဆိုင်ရာ အငြင်းပွားသူများထံ အကြောင်းကြားခဲ့ကြောင်း စုံစမ်းသိရှိရပါသည်။

၄။ ၂၀၁၉ ခုနှစ်၊ ဇွန်လ (၃) ရက်တွင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပြီးဖြစ်သော ၂၀၁၂ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ ပုဒ်မ - ၁၂ (ခ) နှင့် ၂၃ အရ အလုပ်မှရပ်စဲခံရသော အလုပ်သမား ၂ ဦးအနေဖြင့် သက်ဆိုင်ရာ ဦးစီးဌာန သို့မဟုတ် စီရင်ပိုင်ခွင့်ရှိသော တရားရုံးသို့ တက်ရောက်နိုင်သော အခွင့်အရေးရှိနေပါသည်။

၅။ ယင်းဥပဒေ၏ ပုဒ်မ ၃၉(က) တွင် -

> "မည်သည့် အလုပ်သမားမျှ အငြင်းပွားမှုဖြေရှင်းနေစဉ် ကုန်ထုတ်လုပ်မှု ကျဆင်းစေရန် ဆောင်ရွက်ခြင်း သို့မဟုတ် ကျန်ရှိသော အခြားအလုပ်သမားများ၏ အကျိုးစီးပွားပျက်စီးစေရန် ဆောင်ရွက်ခြင်း မပြုရ။"

ဟု ပြဋ္ဌာန်းထားသည့်အတွက် ကျောက်တန်းမြို့နယ် သိုးမွှေးစက်ရုံ၏ အလုပ်သမား ၂ ဦး အလုပ်ရပ်စဲခံရသော အငြင်းပွားမှုကို အခြေခံလျက် လှိုင်သာယာစက်မှုဇုန်နှင့် အခြားစက်မှုဇုန်များအတွင်းရှိ အထည်ချုပ်စက်ရုံများတွင် အလုပ်လုပ်နေသော အလုပ်သမားများကို အလုပ်ချိန်အတွင်း လုပ်ငန်းခွင်ပြင်ပ လှုပ်ရှားဆောင်ရွက်မှု၌ ပါဝင်စေခြင်းသည် မိမိတို့အသင်းဝင် စက်ရုံများ၏ ကုန်ထုတ်လုပ်မှုအပေါ် သက်ရောက်မှုရှိမည်ကို စိုးရိမ်မိပါသည်။

9th Floor, UMFCCI, No. 29, Min Ye Kyaw Swar Road, Lanmadaw Township, Yangon.

Tel: +95 1 2314829, 2300253, Email: mgma@myanmargarments.org, Website: www.myanmargarments.org


၆။ အထည်ချုပ်လုပ်ငန်း၏ သဘောသဘာဝအရ IWFM ၏ တောင်းဆိုမှုကြောင့် ဆန္ဒထုတ်ဖော်ရန်သွားကြမည့် လုပ်သားများ၏ အလုပ်နေရာများသည် အခြားအလုပ်သမားများ၏ လုပ်ငန်းနှင့် ဆက်စပ်နေပြီး တစ်ဦးမရှိလျှင် အခြား တစ်ဦးက လုပ်ငန်းဆက်လက်လုပ်ဆောင်ရန် အခက်အခဲဖြစ်နိုင်သဖြင့် ကုန်ထုတ်လုပ်မှုကို ကျဆင်းစေရုံသာမက အခြား အလုပ်သမားများ၏ အကျိုးစီးပွားကိုပါ ထိခိုက်စေနိုင်ပါသည်။

၇။ IWFM မှ စည်းရုံးဆောင်ရွက်သည့် အလုပ်သမားအင်အား ၂၅၀၀ ကျော် ပါဝင်မည်ဟု ခန့်မှန်းထားသော ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့တွင်ပြုလုပ်မည့် ဆန္ဒထုတ်ဖော်ပွဲသည် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ကြိုးစား တည်ဆောက်လျက်ရှိသော လုပ်ငန်းခွင်အေးချမ်းသာယာရေး (Industrial Peace) လုပ်ငန်းစဉ်အား အဟန့်အတားဖြစ်သွား စေနိုင်မည်ကို မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ အသင်းအနေဖြင့် စိုးရိမ်ပူပန်မိပါကြောင်း ထုတ်ပြန် ကြေငြာအပ်ပါ သည်။

မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ အသင်း